dvbdebate.com facebook.com/dvb.debateTwitter@dvbdebate

**DVB TV timetable**

| | | | |
|---|---|---|---|
| **Sun** | 19:15 | 21:00 | night repeat |
| **Mon** | 10:15 | 15:15 | 21:00 |
| **Wed** | 10:15 | 15:15 | 21:00 |
| **Fri** | 10:15 | 15:15 | 21:00 |

"ဒီဗွီဘီ ဒီဘိတ်" အချေအတင် ဆွေးနွေးပွဲ အစီအစဉ်ကို DVB Multimedia Group က စနေနေ့တိုင်း တိုက်ရိုက် ရိုက်ကူးပြီး ဒီဗွီဘီရုပ်သံလိုင်းမှာ တစ်ဖက်ပါ အစီအစဉ်အတိုင်း ထုတ်လွှင့် တင်ဆက်ပါတယ်။

DVB Debate ဟာ မိမိတို့ရဲ့ အတွေးအမြင် အယူအဆတွေကို လွတ်လပ်စွာ သဘောကွဲလွဲနိုင်ဖို့၊ အပြန်အလှန် နားလည်မှုတွေကို တည်ဆောက်နိုင်ဖို့၊ မြန်မာ့အနာဂတ် ပိုမိုကောင်းမွန်လာစေဖို့၊ လူ့အဖွဲ့အစည်းအတွင်းမှာ ရှိနေတဲ့ ပြဿနာတွေကို အဖြေရှာနိုင်ဖို့၊ လူတိုင်းပါဝင်နိုင်ပြီး မတူကွဲပြားတာတွေကို လက်ခံပေးနိုင်ဖို့၊ အချေအတင်ဆွေးနွေးတဲ့ ယဉ်ကျေးမှုပေါ်ထွက်လာစေဖို့ ရည်ရွယ်ပါတယ်။

မီဒီယာတွေနဲ့ အသင်းအဖွဲ့တွေကိုလည်း အခုလို လွတ်လပ် ပွင့်လင်းတဲ့ ဒီဘိတ်ရဲ့ အချေအတင် ဆွေးနွေးပွဲမှာ ပါဝင်ဖို့ကို ဖိတ်ခေါ်ပါတယ်။ အပတ်စဉ် သတင်းထုတ်ပြန်ချက်များ၊ သတင်းဓာတ်ပုံများနဲ့ ဒီဘိတ်ကာတွန်းကို ရုပ်သံရိုက်ကူးပြီး မကြာခင်မှာပဲ ဒီဗွီဘီဒီဘိတ်ရဲ့ ဖေ့စ်ဘုတ်စာမျက်နှာနဲ့ ဝက်ဘ်ဆိုက်မှာ ကြည့်ရှုနိုင်ပါတယ်။ ပြည်တွင်းမှာ ပြုလုပ်မယ့် အချေအတင် ဆွေးနွေးတဲ့ ဒီဘိတ်တွေကို ပံ့ပိုးကူညီဖို့ DVB Debate မှာ ရန်ပုံငွေ ရှိပါတယ်လို့ အသိပေးလိုပါတယ်။

# DVB DEBATE

ယခုအပတ် ဆွေးနွေးပွဲအတွက် မေးခွန်းကတော့

***"Which societal Voices influence the Campaign?"***

ဖြစ်ပါတယ်။ (S5-13)

❖ မှတ်ချက်ပေးလိုတာ၊ အကြံပြုလိုတာနဲ့ မေးမြန်းလိုပါက ရုံးချိန်အတွင်း ဖုန်းနံပါတ် ၀၁ ၂၉၂၇၄၃ နဲ့ debate@dvb.no ကို ဆက်သွယ်ပြီး အဖွဲ့ဝင်တစ်ဦးဦးထံ မေးမြန်းနိုင်ပါတယ်။

**ဒီတစ်ပတ်မှာတော့ "လူမှုအဖွဲ့အစည်းတွေရဲ့ အသံက ရွေးကောက်ပွဲကို ဘယ်လိုသက်ရောက်မှုရှိမလဲ" ဆိုတဲ့ ဒီဘိတ်ကို ဆွေးနွေးကြမှာ ဖြစ်ပါတယ်။**

ရန်ကုန်တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ ဦးရဲမြင့်က "ကျွန်တော်တို့ ကိုစောင့်ကြည့်နိုင်တယ်။ ဒီတခေါက်ရွေးကောက်ပွဲက အဆင့်မြင့်ဆုံးပဲ။ ကျွန်တော်တို့ လျှော့ပေးသင့်တဲ့ ဥပဒေတွေ လျှော့ပေးတယ်။ ဒီကော်မရှင်က အပွင့်လင်းဆုံးပဲ" လို့ ဆိုထားတဲ့ ၂၀၁၅ အထွေထွေရွေးကောက်ပွဲကို စောင့်ကြည့်လေ့လာဖို့ လက်ရှိမှာ ပြည်တွင်း၊ ပြည်ပ စောင့်ကြည့် လေ့လာရေးအဖွဲ့ ၄၅ ခုကနေ လေ့လာစောင့်ကြည့်သူ ၆၇၂၀ ဦး ရှိတယ်လို့ သိရပါတယ်။

စက်တင်ဘာလ ရက်ကနေ စလာခဲ့တဲ့ ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေး ဆောင်ရွက်မှုတွေဟာနောက်ထပ် နှစ်ပတ်ကျော်လောက်ပဲ အချိန်ကျန်ပါတော့တယ်။ အခုအချိန်မှာတော့ ပါတီပေါင်း ၉၁ ခုနဲ့ တစ်သီးပုဂ္ဂလကိုယ်စားလှယ်တွေအပါအဝင် ကိုယ်စားလှယ်ပေါင်း ၆၀၇၆ ယောက်တို့ဟာ အပြင်းအထန်ပဲ စည်းရုံးရေးဆောင်ရွက်နေကြတာကို မြင်တွေ့နေရပြီလည်း ဖြစ်ပါတယ်။

ဒီလိုမဲဆွယ်ကြတဲ့နေရာမှာ အင်အားကြီးပါတီကြီးတွေမှာ ပရိတ်သတ်အင်အားရှိတဲ့ အနုပညာရှင်တွေ အချို့ပါ ပါဝင်လာကြပြီး  သူနိုင် ကိုယ်နိုင် အပြိုင်အဆိုင်လျက်ရှိကြတဲ့ မဲဆွယ်ကာလမှာ လူမျိုးရေး၊ ဘာသာရေးနဲ့ ပတ်သက်ပြီး ပြောဆိုမှုတွေရှိ နေတယ်ဆိုတဲ့ အသံတွေက ထွက်ပေါ်လာခဲ့ပါတယ်။

ရွေးကောက်ပွဲ ဥပဒေများ၏ ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုများနှင့် ပြစ်ဒဏ်များ အခန်း (၁၃) ပါ ပုဒ်မ ၅၈ ပုဒ်မခွဲ (ဂ) တွင် မည်သူမဆို လူမျိုးရေးကိုဖြစ်စေ၊ ဘာသာရေးကိုဖြစ်စေ အကြောင်းပြုပြီး ဆန္ဒမဲပေးရန် သော်လည်းကောင်း၊ ဆန္ဒမဲမပေးရန်သော် လည်းကောင်း ပြောဆိုခြင်း၊ ဟောပြောခြင်း၊ ကြေညာချက် ထုတ်ပြန်ခြင်း သို့မဟုတ် ယင်းသို့ ပြုလုပ်ရန် အားပေးလှုံ့ဆော်ခြင်းကို ကျူးလွန်ခြင်း သို့မဟုတ် ကျူးလွန် ရန် အားပေးကူညီကြောင်း ပြစ်မှုထင်ရှားပါက တစ်နှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် ဖြစ်ကြောင်း ပြဋ္ဌာန်းထားသည်။

လူမှုအသင်းအဖွဲ့တွေ အပါအဝင် အခြားသောအသင်းအဖွဲ့တွေများစွာရှိနေပြီး အမုန်းစကားများကြား၊ အာဏာရနှင့် အတိုက်အခံ ပါတီကြီး နှစ်ခုတို့အကြား အချိန်ကြာမြင့်စွာ တည်ရှိနေခဲ့ရတဲ့ မြန်မာပြည်သူတွေထဲမှာ  ကိုယ်ပိုင်နှိုင်းယှဉ် ချိန်ဆဆုံးဖြတ်နိုင်သူ လွန်စွာနည်းပါးနေပါသေးတယ်။  မြန်မာနိုင်ငံမှာ မကြာခင်ကျင်းကတော့မယ့် ရွေးကောက်ပွဲကြီးအတွက် ပါတီအသီးသီးတို့က စည်းရုံးရေးဆင်း နေကြပေပြီ။ သို့သော်လည်း ဆိုခဲ့ပါ အသင်းအဖွဲ့တွေရဲ့ အာဘော်က ရွေးကောက်ပွဲ အပေါ် ဘယ်မျှအထိ လွှတ်ခပ်နိုင်စွမ်း ရှိနေပါသလဲဆိုတာ ဒီတစ်ပတ်ရဲ့ ဒီဗွီဘီ ဒီဘိတ်မှာ ရွေးကောက်ပွဲဝင် ကိုယ်စားလှယ်လောင်း အချို့တို့က ပါဝင်ဆွေး နွေးသွားကြမှာ ဖြစ်ပါတယ်။

**သူတို့အမြင်**

"တပ်မတော်အပေါ် စာနာ နားလည်မှုရှိသူ၊ အမျိုးဘာသာ သာသနာကို မှန်မှန်ကန်ကန်နှင့် စနစ်တကျ ထိန်းသိမ်းနိုင်သူ၊ ပြည်ပအဖွဲ့အစည်း၊ နိုင်ငံခြားသားများ၏ တစ်နည်းနည်းအားဖြင့် လွှမ်းမိုးမှု မရှိသူများကို စဉ်းစားရွေးချယ်ရန် အကြံပြုလိုကြောင်း"
**ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်** - တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်

"ဥပဒေမှာ မည်သူမဆို ဆိုတာက ပြောမယ်ဆိုရင် မြန်မာနိုင်ငံမှာရှိတဲ့ ထေရဝါဒ ဗုဒ္ဓဘာသာကိုက ကော်မရှင် ဥပဒေအောက်မှာ မရှိဘူး။ ဒီဥပဒေကို လိုက်နာရမယ့် သူတွေထဲမှ သူတို့တွေ မပါဘူး။ သူတို့ဟာ သံဃမဟာနာယကနဲ့ သာသနာရေး ဝန်ကြီးဌာနနဲ့ပဲ ဆိုင်ပါတယ်"
**ဦးဝင်းကို** -  ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်

"ဒါဖြစ်သွားမယ် ဟိုဟာဖြစ်သွားမယ် ဟိုဟာတွေ လွှမ်းမိုးသွားမယ် ဒီဟာတွေ လွှမ်းမိုးသွားမယ် ဆိုပြီးတော့ ပြည်သူတွေကို ခြိမ်းခြောက်ပြီးတော့ ပြည်သူတွေရဲ့ ကြောက်စိတ်တွေကို ဆွပြီးတော့ ပြည်သူတွေရဲ့ မုန်းတီးစိတ်ကို ဆွပြီးတော့ စည်းရုံးနေတယ်လို့ ကျမမြင်ရပါတယ်၊ အဲဒီဟာက နိုင်ငံရဲ့အနာဂတ် အတွက် လုံးဝစဉ်းစားမှုမရှိတာလို့ ကျမမြင်ပါတယ်၊ ကျမတို့ရဲ့ ပြည်သူတွေ အကျိုးအတွက် မဟုတ်ဘဲနဲ့ ကိုယ့်ရဲ့အုပ်စုနိုင်ဖို့အတွက်ကိုပဲ စဉ်းစားပြီးတော့ ဒီလိုမသမာတဲ့နည်းတွေနဲ့ စည်းရုံးတဲ့ပုဂ္ဂိုလ်တွေ အဖွဲ့အစည်းတွေကို ယုံကြည်ပြီး ထောက်ခံမိမယ်ဆိုရင် ကျမတို့နိုင်ငံဟာ ဒုက္ခအများကြီးရောက်နိုင်ပါတယ်လို့ ကျမသတိပေးပါရစေ"
**ဒေါ်အောင်ဆန်းစုကြည်** - အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် ဥက္ကဋ္ဌ

*Information links:*

www.7daydaily.com

**www.thevoicemyanmar.com**

www.mizzimaburmese.com

**www.rfa.org/burmese/**

**www.youtube.com/channel/UCH0tQh3CaE2Ek8IAJtgTwEA**